ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၄)

(Village Development Project)

လွယ်တောက်ကျေးရွာအုပ်စု၊ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာနှင့်အဖွဲ့အစည်းများဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇

၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး**	၁၇
၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၈
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

အောက်တိုဘာလ၊၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ
လားရှိုးမြို့နယ်



နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



လ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	ထွန်းလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
☺😐☹	☹	😐	☺	☹	☺	☹	😐	😐	😐	☺	😐	😐
	$	$$	$$$	$	$$$	$	$$	$$	$$	$$$	$$$	$$
	—	—	ပျိုးကြဲ	စပါးခိုက်	စပါးခိုက်	ခုနှစ်ခိုက်	—	—	စပါးရိတ်	သေးသိမ်း	နှမ်းသိမ်း	—
	ဈေးနဲ့	ဈေးနဲ့	အသစ်တစ်	ဈေးများ	ဈေးများ	ဈေးများ	ဈေးများ	ဈေးများ	အသက်သာ	အသက်သာ	အသက်သာ	ဈေးနဲ့
	ရောဘီများ	—	ငှက်ပျား	တုတ်ကွေး	ငှက်ဖျား	—	—	ရောဘီများ	—	—	ဈေးကွက်ရောဘီများ	
အိမ်ခြံ မြေပတ်ဝန်းကျင်က်	—	—	အဖြစ်များ	—	ခွက်ဖြူးပြီး	အဆစ်တက်ပြီး	သီးပင်ရေကျပြီး	အခွံပြတ်ပြီး	—	—	—	—
	သင်္ကြန်အခါ	—	—	သင်္ကြန်းကပ်	—	—	မီးတွန်းပွဲ	ကထိန်ပွဲ	—	—	ဗုဒ္ဓဟူးပွဲ	—
သဘာဝဘေးအန္တရာယ်ကျရောက်	—	လေတိုက်	လေတိုက်	မိုးကြိုး	—	—	—	—	—	—	—	—

နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လား:ရှိုးမြို့နယ်


KAI
Justice Society
NCL

အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

လွယ်တောက်ကျေးရွာအုပ်စု၊ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်တွင် တည်ရှိ ပါသည်။ လားရှိုးမြို့၏ အရှေ့ဘက်အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၁၇)မိုင်ခန့် ကွာဝေးပါသည်။ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၏ အရှေ့နှင့်တောင်ဘက်တွင် လယ်ကွင်းများရှိပြီး အနောက်တွင် ရေထွက်ဦး၊ တောတောင်နှင့်သစ်တောများရှိပါသည်။ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၏ မြောက်ဘက်တွင် နမ့်ဆွန်ချောင်းစီးဆင်းလျက်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/ မြေပြန့်များ ဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၈)ဧကနှင့် ယာမြေ/တောင်ယာမြေ(၂၃၅)ဧက စုစုပေါင်း (၂၄၃)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက် ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် တောတောင်များရှိ၍ ဆေးဖက်ဝင်အပင်များ၊ သဘာဝတိရစ္ဆာန်များကို အနည်းအကျဉ်း တွေ့ရသည်။ ကျွန်မတို့ကျေးရွာအနီးရှိ သစ်တောများတွင် သဘာဝဆေးဖက်ဝင်အပင်များဖြစ်သည့် **ဆင်တုံးမန္တယ်၊ တောမိတ်တလင်၊ မလျော်ရွက်တို့ကို** တို့ အနည်းငယ် ပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။

သဘာဝတောတွင်းတိရစ္ဆာန်များဖြစ်သည့် **တောဝက်၊ ချေ၊ တောကြက်၊ ယုံ၊ ရှဉ့်နှင့် ငှက်မျိုးစုံ** များလည်းရှိပါသည်။ **တောတောင်ကျဉ်းမြောင်း သောကြောင့် တိရစ္ဆာန်များ၊ ဆေးဖက်ဝင်အပင်များ အနည်းကျဉ်းသာ တွေ့ရပါသည်။**လယ်ကွင်းများ၊ ချောင်း၊ မြောင်း၊ ပြောင်းဖူးခင်းများ ရှိပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာသည် လူမျိုးပေါင်းစုံ နေထိုင်သော ကျေးရွာဖြစ်ပါသည်။ ရှမ်း၊ တအောင်း၊ ကချင်၊ ဝ၊ လားဟူလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု (၄၈) အိမ် ရှိပြီး လူဦးရေစုစုပေါင်း(၂၃၃)ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၁၀၆)ယောက်၊ မ (၁၂၇)ယောက် စုစုပေါင်း(၂၃၃) ယောက် ရှိပါသည်။ နို့စို့အရွယ် ကလေး ကျား(၁)ယောက်၊ မ (-)ယောက်၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၁၂)ယောက်၊ မ(၂)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၈) ယောက်၊ မ(၂၂)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၈) ယောက်၊ မ(၁၉) ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၆၅)ယောက်၊ မ (၈၃)ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၂)ယောက်၊ မ (၁)ယောက်ရှိပါသည်။ နို့စို့အရွယ်ကလေးများ အားလုံး ကာကွယ်ဆေးပုံမှန်ထိုးကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်း ကို စတင်တက်ရောက်ကြပါသည်။ အမျိုးသားများသည် စိုက်ပျိုးရာသီပြီးချိန်တွင် လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျွန်မတို့ ကျေးရွာတွင် မြို့ပေါ်သို့ တက်ရောက်ကာ တက္ကသိုလ်၊ ကောလိပ်တွင် ပညာသင်ယူနေသော ကလေးမရှိသလောက်ရှားပါးပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးများသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်းနှင့် ဈေးရောင်း ခြင်းတို့ကို လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်တော်တို့ကျေးရွာတွင် ပြောင်းကို အဓိကစီးပွားဖြစ် ဝင်ငွေရရန်အတွက် စိုက်ပျိုး ပြီး **စပါးကို မိမိတို့ စားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ မြေပြန့်၊ ဒေသ နည်းပါး၍ တောင်ကုန်း/တောင်စောင်းများသောကြောင့် တောင်ယာလုပ်ငန်းကို မှီခိုလုပ်ကိုင်သူများကြောင်း တွေ့ရှိရပါသည်။** စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၈)ဧကနှင့် ယာမြေ/တောင်ယာမြေ (၂၃၅)ဧက စုစုပေါင်း (၂၄၃)ဧကရှိပါသည်။ စိုက်ပျိုးရာတွင် မိုးရေကို အဓိကထားပြီး စိုက်ပျိုး ခြင်းဖြစ်သောကြောင့် မိုးရာသီအချိန်၌သာ ပြောင်းနှင့်စပါးကို စိုက်ပျိုးကြပါသည်။ ပြောင်းမျိုးစေ့ များကို ရွာအနီးရှိ ပွဲရုံများထံတွင် ဝယ်ယူ၍ စိုက်ပျိုးကြပါသည်။ အမျိုးသားများက ထွန်စက် ကို မောင်းပြီး အမျိုးသမီးများက

အစေ့ချကြရပါသည်။ မြေဩဇာအဆမတန်သုံးစွဲမှုကြောင့် မြေဆီပျက်စီးမှု၊ ခမ်းခြောက်မှုများ ရှိလာပါသည်။

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၏ မြေပိုင်ဆိုင်မှု ၂.၅ကေအောက်ရှိသော အိမ်ထောင်စုသည် (၂၉.၁၇%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ် ရှိပါ သည်။ မြေပိုင်ဆိုင်မှု ၂.၅ကေမှ ၅ကေကြားရှိသော အိမ်ထောင်စုသည် (၅၂.၁၀%) ခန့် ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ကေမှ ၁၂.၅ကေကြားရှိသော အိမ်ထောင်စုသည်(၁၄.၅၈%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေ ပိုင်ဆိုင်မှု ဧကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ကေအထက်ရှိသော အိမ်ထောင်စုသည်(၄.၁၇%) ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ **ကျွန်တော်တို့ နမ့်လင်းလုံ (ကုန်းပေါင်း)ကျေးရွာ တွင် မြေမဲ့ယာမဲ့များမရှိဘဲ အားလုံးမြေယာပိုင်ဆိုင်မှု ရှိကြပါသည်။**

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ပြောင်းချေစက်နှင့် စားနပ်ရိက္ခာဖူလုံသောသူများကို အဆင်ပြေသော အိမ်ထောင်စု သတ်မှတ်ပါသည်။ လယ်၊ ယာအနည်းငယ်နှင့်တစ်ထပ်တိုက်၊ ရိုးရိုးဆိုင်ကယ်ပိုင်ဆိုင်ပြီး စားနပ်ရိက္ခာအနည်းငယ်ဖူလုံသောသူများကို အလယ်အလတ် သတ်မှတ် ပါသည်။ ကိုယ်ပိုင် မရှိသော လယ်၊ ယာ တစ်နေ့လုပ်တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်း လုပ်သောသူကို မပြေလည်သော အိမ်ထောင်စု သတ်မှတ်ပါသည်။ မြေယာ၊ လယ်ယာမရှိ၊ ဝါးအိမ်နှင့်နေ မုဆိုးမ၊ တစ်ခုလပ်အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီး များရှိခြင်း၊ တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ၊ တစ်ယောက်တည်းရှာစားသူများ ကို အလွန်မပြေလည်သည်ဟု ယူဆသည်။

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာ တွင် ကျားတစ်ဦး လျှင် အများဆုံး(၅၀၀၀)မှ (၄၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၄၀၀၀)မှ အနည်းဆုံး(၃၀၀၀)ထိ ပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင် မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်း ဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ကျေးရွာတွင် တောတောင်အတွင်းရှိ သစ်ပင်များကို ခုတ်ယူပြီး မီးသွေး များ ဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ စိုက်ပျိုးချိန်တွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင် ခြင်းများ ဖြစ်ပေါ်ပါက စိုက်ပျိုးရေးမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းကြောင့် ဒေါက်ဖျားရောဂါ၊

တီဗွီရောဂါ ဖြစ်ပွားမှုအနည်းငယ် ခံစားရလေ့ ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေး များ ဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ သီးနှံများ စိုက်ပျိုးချိန်တွင် မြေဩဇာများ ပိုမိုသုံးစွဲရသောကြောင့် မြေဆီလွှာ ခမ်းခြောက်မှုများ ဖြစ်ပေါ်လာပါသည်။ ဆောင်းရာသီတွင် မိုးရွာလျှင် အအေးလွန်ကဲခြင်းစသည်တို့ဖြစ်လေ့ရှိပါသည်။

ကျေးရွာတွင် လူငယ်များ ဆိုင်ကယ်ကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခိုက်ရန် ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများ ဖြစ်တတ်သည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုသည် ခင်ပွန်းဆုံးပါး၍ မိသားစုကို တစ်ဦးတည်းဦးဆောင်ပြီး သားသမီးကို ပညာသင်စေ၍ စားဝတ်နေရေးအတွက် ရုန်းကန်ရှာဖွေရပါသည်။ မူးယစ်ဆေးဝါးများ လွယ်ကူစွာရရှိနိုင်သောကြောင့် ဆေးစွဲသူ အနည်းငယ်ရှိသည်။ **တောင်ယာလုပ်ငန်း တစ်ခုတည်းကိုသာ ဦးတည်လုပ်ကိုင်သောကြောင့် ဆင်းရဲသော တောင်သူ များရခြင်း ဖြစ်သည်။ ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင် ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီး ဦးဆောင် သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင် ရှားပါးခြင်းကြောင့် ထိခိုက် သက်ရောက်မှု ခံရနိုင်သည့် သူများ ဖြစ်ပါသည်။**

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်တော်တို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေး အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပညာရေး၊ ပြည်သူ့စစ်၊ ဘာသာရေး၊ မိခင်နှင့် ကလေးအမျိုးသမီးရေးရာ အဖွဲ့တို့ဖြစ်ပါသည်။ ကျေးလက်တောရွာဖြစ်သောကြောင့် လူပ်ရှားသွားလာနိုင်သော အမျိုးသားများ ကို အဓိက အဖွဲ့ဝင် နေရာ ပေးရကြောင်း တွေ့ ရှိ ရသည်။ အုပ်ချုပ်ရေး အဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများ လိုအပ်သော အကူအညီများ ကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများကို ရွာသူရွာသား များ နှင့်အတူ အားတက်သရော ဆောင်ရွက်ကြ ပါသည်။

နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက် နေသော KAI အဖွဲ့နှင့် ဗွီးရှင်းဖန်းအဖွဲ့တို့သည် စိုက်ပျိုးမွေးမြူရေးဆိုင်ရာအသိပညာပေး သင်တန်း များ ဖွင့်လှစ်ပေးခြင်းနှင့် ချေးငွေများကိုချေးပေးပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၏ မြေပိုင်ဆိုင်မှု ၂.၅ကအောက် ရှိသော အိမ်ထောင်စုသည် (၂၉.၁၇%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာ အနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု ၂.၅ကမှ ၅ကကြားရှိသော အိမ်ထောင်စုသည် (၅၂.၁၀%) ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ကမှ ၁၂.၅ကကြားရှိသော အိမ်ထောင်စုသည်(၁၄.၅၈%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေ ပိုင်ဆိုင်မှုကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ကအထက်ရှိသော အိမ်ထောင်စုသည်(၄.၁၇%) ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှုကများပါသည်။ **ကျွန်တော်တို့ နမ့်လင်းလုံ (ကုန်းပေါင်း)ကျေးရွာတွင် မြေမဲ့ယာမဲ့များမရှိဘဲ အားလုံးမြေယာပိုင်ဆိုင်မှု ရှိကြပါသည်။ မြေယာများ ထပ်မံတိုးချဲ့ရန် မြေနေရာ နည်းပါးသည်ကို တွေ့ရှိရပါသည်။**

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် စိုက်ပျိုးမြေကပေါင်း(၂၄၃)က ရှိပြီး မစိုက်ပျိုးပဲထားသော မြေလွတ်မြေလပ်မရှိပါ။**နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၏ လယ်မြေ မြေဆီလွှာ အရည်အသွေးမှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင် ထည့်နိုင် မှ သာလျှင် သီးနှံအထွက်နှုန်း ကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါ သည်။ ဆင်းရဲသောအိမ်ထောင်စုများသောကြောင့် အရင်းအနှီး မတည်နိုင်ခြင်း မရှိ၍ မြေဇာ အမြောက်အမြား လုပ်ကိုင်နိုင်ခြင်း မရှိပါ။**

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးကိုလုပ်ကိုင်ရာတွင် မိုးကိုသာ အားကိုး၍ စိုက်ပျိုးရပါသည်။ **စိမ့်စမ်းရေသည် တစ်နှစ်ပတ်လုံးရေရှိသော်လည်း ရေအားနည်းပါးသောကြောင့် စိုက်ပျိုး ရန် ရေမလုံလောက်ပါ။ ထို့ကြောင့် သီးပင်စားပင်များ စိုက်ပျိုးချိန်တွင် မိုးမရွာပါက ရေ မလုံလောက်ပါ။** စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ တင်း(၃၀) ထွက်ပြီး၊ ပြောင်း အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ တင်း(၃၀) ထွက်ပါသည်။စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ နိုဝင်ဘာလ အထိဖြစ်ပြီး အမြတ်ရရှိမှုမှာ နည်းပါသည်။ **သွင်းအားစုများဖြစ်သည့် မျိုးစေ့နှင့် မြေဩဇာ များကို မိုင်းယော်ကျေးရွာသို့ အလွယ်တကူ သွားရောက် ဝယ်ယူနိုင်ပါသည်။ အမြတ်ရရှိနိုင်မှု မှာ သီးနှံစျေးကွက်အလိုက် အတက်အကျပေါ် မူတည်၍ အမြတ်ရရှိ ကြပါ သည်။ အများအားဖြင့်မှာ ထင်သလောက် အမြတ်မရရှိကြပေ။ ကျေးရွာအတွင်းရှိ လယ်သမား များတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၂)လုံး၊ ရိတ်သိမ်းခြွေလှည့်စက်(၂)ခု၊ ခြွေလှည့်စက် (၂)ခု၊ မြက်ရိတ်စက်(၁)ခုရှိပြီး လိုအပ်သော စက်ကိရိယာများကို အခြားကျေးရွာများမှ ငှားရမ်း လုပ်ကိုင်နေကြပါသည်။ ထွန်စက်၊ လက်တွန်းထွန်စက်နည်းပါးရခြင်းအကြောင်းရင်းမှာ တောင်ယာ လုပ်ငန်းကိုသာ လုပ်ကိုင်သောကြောင့် ထွန်ယက်ရန် မလိုအပ်သောကြောင့် ဖြစ်ပါသည်။ အစေ့ချကိရိယာ၊ ရိတ်သိမ်းခြွေလှေ့စက်၊ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊**

ရေစုပ်စက်၊ ခြေနင်း ရေတင်စက်၊ မြက်ရိတ်စက်တို့မှာ ငွေကြေးမတတ်နိုင်သည့်အတွက် နည်းပါးရခြင်း ဖြစ်ပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကို မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစေ့းကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာတွင် ကျွဲမွေးမြူထားသည့် အိမ်ထောင်စု(၁)အိမ်ရှိပြီး နွားကောင်ရေ (၅)ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ မြည်း(၇)ကောင်၊ အိမ်ထောင်စု(၁၆)အိမ်မှ ဝက်(၃၄) ကောင်၊ အိမ်ထောင်စု(၃၃)အိမ်မှ ကြက်(၂၅၄)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ **ကြက်၊ ဝက်များကို တပိုင်တနိုင်အဖြစ်သော်လည်းကောင်း၊ အိမ်စားသုံးရန်အတွက်သော် လည်းကောင်း မွေးမြူကြပါသည်။ စီးပွားဖြစ် မွေးမြူခြင်း မရှိပါ။ တိရစ္ဆာန်များကို ကြိုတင်ကာကွယ်ဆေးများ ထိုးနှံမှုမရှိပါ။ ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း) တွင် စားကျက်မြေရှားပါး၍ ကျွဲ၊ မြည်းများကို လယ်မြေရိတ်သိမ်းပြီးချိန်မှသာ လွှတ်ကျောင်းစနစ်ဖြင့် ထိန်းကျောင်းရပါသည်။ စားကျက်မြေမရှိရခြင်း အကြောင်းအရင်းမှာ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်မှု များသောကြောင့် ဖြစ်သည်။ ရေအိုင်မရှိသောကြောင့် ငါးမွေးမြူနိုင်ခြင်း မရှိပါ။**

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် **မည်သည့် အဖွဲ့အစည်းမှ ချေးငွေလာရောက် မချေးပေးသောကြောင့် ချေးငွေ မရရှိနိုင်ပါ။ ချေးငွေကို မိတ်ဆွေနှင့်ဆွေမျိုးများ အချင်းချင်းထံတွင် (၂%)ဖြင့် ချေးယူကြရပါသည်။ ကျေးရွာအတွင်းရှိ ကျွဲ၊ မြည်း၊ ကြက်၊ ဝက်များအတွက် လိုအပ်သော ဆေးဝါးနှင့် အစားအစာများကို အီနိုင်းစျေး၌သာ ဝယ်ယူရရှိပါသည်။ မိမိကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်များကို အီနိုင်းစျေး၌သာ ပေါက်စျေးနှင့် ရောင်းချကြပါသည်။** စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့် စားကျက်မြေသီးသန့် မရှိပါ။ မွေးမြူရာတွင် အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု မရှိခြင်း၊ **စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံးရေရရှိသော်လည်း ရေအားနည်းပါးသောကြောင့် မွေးမြူရန် ရေမလုံလောက်ခြင်း** တို့ကြောင့် **မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင်သူမရှိပါ။** မွေးမြူရေးနှင့်ပတ်သက်၍ နည်းပညာ ဝန်ဆောင်မှုများ မရရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၌ စိုက်ပျိုးရာသီပြီးချိန်တွင် ဝါးဖြင့်ခြင်းတောင်းများရက်လုပ်ခြင်း၊ ရွာတွင်း၌ ပန်းရံ၊ လက်သမားလုပ်ငန်းများ အခြားဒေသများသို့ တောင်ယာအဌားလိုက်၊ လယ်စိုက်၊ လယ်သိမ်း၊ ဖရဲစိုက်ခြင်းလုပ်ငန်းများ၌ တောင်ယာနေ့စားအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာသည် လားရှိုးမြို့နှင့်(၁၇)မိုင်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ **လျှပ်စစ်ကြိုးသွယ်တန်းမှု အချိတ်အဆက်ဝေးကွာသောကြောင့် လျှပ်စစ်မီးမရရှိနိုင်ပါ။ ကျေးလက်ဦးစီးဌာနမှ အရစ်ကျငွေချေစနစ်ဖြင့် ရရှိထားသော ဆိုလာမီးများကို အသုံးပြုကြပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု မရရှိရခြင်းမှာ ကျေးရွာတွင် ပညာတတ် လူတန်းစားနည်းပါးသောကြောင့် ဖြစ်သည်။**

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းကိုသာ အဓိက လုပ်ကိုင်၍ အခြားကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ရန် မရှိပါ။ ဒေသထွက်ကုန်များ ရောင်းချရန် စျေးကွက်နှင့်အသိအမြင်များ မရှိ၍ စျေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင် ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်လျက်ရှိသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် ငွေပိုငွေလျှံများမရှိသောကြောင့် **ဘဏ်၌ငွေစုထားခြင်းမျိုး မရှိပါ။ မည်သည့် အဖွဲ့အစည်းမှ ချေးငွေလာရောက် မချေးပေးသောကြောင့် ချေးငွေ မရရှိနိုင်ပါ။ ချေးငွေလိုအပ်ပါက မိတ်ဆွေနှင့်ဆွေမျိုးများထံတွင်** အတိုးနှုန်း ၂%ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို (၆)လမှ တစ်နှစ်အတွင်း ပြန်၍ဆပ်ရ ပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု အထောက်အထားပုံစံ(၇)မရှိသောကြောင့် အစိုးရဘဏ်၊ သမဝါယမချေးငွေ၊ ပုဂ္ဂလိကဘဏ် စသည်များမှ ချေးငွေမရရှိပါ။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာတွင် သွားလာရ လွယ်ကူသာ မော်တော်ဆိုင်ကယ်များကိုသာ သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုကြပါသည်။

ကျွန်တော်တို့ကျေးရွာ၏ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ မိုးရာသီတွင် ဗွက်ထခြင်း၊ ရေတိုက်စားခြင်း၊ ချိုင့်ခွက်များ ဖြစ်ပေါ်ခြင်းကြောင့် သွားလာရ ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မြစ်များ၊ ချောင်းများမရှိ သောကြောင့် မည်သည့် တံတားအမျိုးအစားမှ အသုံးပြုခြင်းမရှိပါ။ ရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း မရှိပါသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ကျေးရွာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ အရစ်ကျ ငွေချေစနစ်ဖြင့် ဆောင်ရွက်ပေးထားသော ဆိုလာဘက်ထရီမီးများကိုသာ အသုံးပြုကြပါသည်။ **လျှပ်စစ်ကြိုးသွယ်တန်းမှု အချိတ်အဆက်ပေးကွာသောကြောင့် လျှပ်စစ်မီးမရရှိနိုင်ပါ။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ကြိုးသွယ်တန်းရန် မြို့နှင့်အလှမ်းကွာဝေးသောကြောင့် လျှပ်စစ်မီးအစားဆိုလာမီး ကိုသာ အသုံးပြုကြပါသည်။**

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၃)လုံး၊ တီဗွီ(၃)လုံး၊ ဂြိုလ်တုစလောင်း(၃)လုံးတို့ မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။ GSM လိုင်းမရှိသောကြောင့် ငွေကြေးတတ်နိုင်သော သူများက CDMA ဖုန်းကိုသာ ဝယ်ယူအသုံးပြုကြ**ပါသည်။**

၇။ ပညာရေး

ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျောင်းအဆောက်အဦးအရည်အသွေးမှာ ကောင်းပါသည်။ **နမ့်လင်းလုံကျေးရွာတွင် မူလတန်းကျောင်း သာရှိ၍ အလယ်တန်း၊ အထက်တန်း တက်ရောက်နိုင်မှု မရှိရခြင်းမှာ အသိမိတ်ဆွေနည်းပါးခြင်း၊ မြို့တွင်နေထိုင်ရန် ငွေကြေးခက်ခဲခြင်း စသည်တို့ကြောင့် နည်းပါးရခြင်း ဖြစ်သည်။** မူလတန်းကျောင်းဖြစ်ပြီး **စာသင်ကျောင်း၏ စုစုပေါင်း ဧရိယာမှာ** (၆၀)×(၃၀)**ပေ** ကျယ်ဝန်းပါသည်။ စာသင်ကျောင်းသည် ၁မိုင်ခန့်ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ **ဆောက်လုပ်စကျောင်းဆောင်သစ် ဖြစ်သောကြောင့် အမိုး၊ နံရံ၊ အခင်းသည်လည်း အရည်အသွေးကောင်းမွန်ပြီး** ကျောင်းသုံးပရိဘောဂသည်လည်း လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာသည်လည်း ယင်လုံအိမ်သာ

ဖြစ်သောကြောင့် ကျောင်း၏ ကလေးများ ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ ရွာတွင် ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးနေသော အစိုးရခန့်ဆရာမ(၂)ဦးရှိပါသည်။ **အထက်တန်းကျောင်းကို လားရှိုးမြို့သို့ တက်ရောက် ရပါသည်။**

ကျွန်တော်တို့ကျေးရွာတွင် (၆)နှစ်ပြည့်လျှင် မူလတန်း အဆင့်ပညာကို အိမ်တိုင်းရှိ ကလေး များ အားလုံးသင်ယူနိုင်ပါသည်။ မူလတန်းမှ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်ပညာကို သင်ယူရန် မြို့ပေါ်သို့ တက်ရောက်ကြရပါသည်။ **ဘိုးဘွားလက်ထက်မှစ၍ ကလေး များသည် တောတောင်များတွင်သာ အနေများသောကြောင့် ပညာရည် နည်းပါးရခြင်း ဖြစ်သည်။ အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်တက်ရောက်နိုင်သူများမှာ ကနဦး၌ မြို့တွင် နေထိုင်သော သူများ ဖြစ်သည်။** ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် အများအားဖြင့် အလယ်တန်းပညာနှင့် အထက်တန်းပညာ၊ တက္ကသိုလ်၊ ကောလိပ်ကို သင်ကြားရန် ညီကိုမောင်နှမ များခြင်း၊ မြို့ပေါ်၌ အသိဆွေမျိုးများမရှိခြင်း၊ နေစာရာအိမ်များ မရှိခြင်း၊ တချို့မိဘများသည် နေ့စားအလုပ်နှင့်မိသားစု ကို ကျွေးမွေးပြုစုရသောကြောင့် ကလေးအတွက် ကျောင်းစရိတ်ကို လုံလောက်စွာ မပေးနိုင်ခြင်း များကြောင့် ကောလိပ်များသို့ တက်ရောက်နိုင်သူ နည်းပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာတွင် ကျန်းမာရေး အသိပညာဗဟုသုတအားနည်းခြင်း၊ အစာကိုဆင်ခြင် စားသုံးခြင်းမရှိခြင်းတို့ကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုအနည်းငယ်ခံစားကြရပါသည်။ **နွေရာသီ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ အနည်းငယ်ဖြစ်ပွားပြီး မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းများကြောင့် ငှက်ဖျားရောဂါ အနည်းငယ် ခံစားကြရပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ခြင်ဆေးများ ဖြန်းပေးခြင်း၊ ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းကြောင့် ရောဂါပြန့်ပွားမှုနည်းပါသည်။** HIV,AIDS, လိင်မှ တစ်ဆင့် ကူးစက်နိုင်သော ရောဂါများ မရှိပါ။ ကျေးရွာ**အုပ်စုရှိ ကျေးလက်ကျန်းမာရေးဝန်ထမ်းများမှ ကာကွယ်ဆေးများကို လတိုင်းပုံမှန်ထိုးပေးမှု များ ရှိပါသည်။ ကျေးရွာတွင် ကလေးရှိသော အိမ်တိုင်းများမှလည်း ကာကွယ်ဆေးကို ပုံမှန်ထိုးနှံ ကြပါသည်။ ကာကွယ်ဆေးမထိုးနှံသော အိမ်ထောင်စုများ မရှိပါ။**

ကျွန်တော်တို့ကျေးရွာသည် နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိ ပါသည်။ **စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံးရေရရှိသော်လည်း ရေထွက်အားနည်းပါးသောကြောင့် မိုးရာသီ တွင်သာ ရေလုံလောက်မှု ရှိပြီး နွေဦးရာသီနှင့် ဆောင်းရာသီများတွင် ရေအသင့်အတင့်သာ ရှိပါ သည်။** ကျွန်တော်တို့ ကျေးရွာတွင် **ကျေးလက်ဆေးပေးခန်း၊ ဆရာ/မများ၏ ဟောပြောချက် များကြောင့် အိမ်တိုင်းတွင် သန့်ရှင်းသောရေလောင်းယင်လုံအိမ်သာကိုသာ သုံးစွဲကြပါသည်။**

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်တော်တို့ကျေးရွာတွင် မြေဩ စနစ်တကျ သုံးစွဲမှု မရှိသောကြောင့် မြေဆီပျက်စီးမှု ခမ်းခြောက်မှုများ ရှိလာပါသည်။ သစ်ပင်များ ခုတ်လှဲမှုများ၍သဘာဝအပင်မျိုးစိတ်များ ပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှု အန္တရာယ်များ ဖြစ်လာနိုင်ပါသည်။ **ကိုင်းကျွန်းမြေ မရှိသောကြောင့် ဆေးဖက်ဝင်အပင်များ မစိုက်ပျိုးနိုင်ပါ။** ဖျက်ပိုးများ ကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီများ မရယူဘဲ နီးစပ်ရာအချင်းချင်း(သို့မဟုတ်)မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း၍ နှိမ်နှင်းကြပါသည်။ **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မရှိသော်လည်း အမှိုက်သရိုက်များကို စနစ်တကျစု၍ မီးရှို့ပစ်ကြပါသည်။**

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် **အမျိုးသမီးများသည်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်တရော ဦးဆောင်ပါဝင်မှုများ ရှိပါသည်။** ကျား၊မများကို ခွဲခြားခြင်းမရှိဘဲ ရပ်ရွာကိစ္စများ၌သော်လည်းကောင်း၊ပညာရေးသင်ကြားမှု၌သော်လည်းကောင်း၊အလုပ်အကိုင်လုပ်ကိုင်ရန် ၌ သော်လည်းကောင်း၊ ကျား/မ များကို တန်းတူအခွင့်ရေးပေးထားကြောင်း တွေ့ရှိရသည်။ ရွာတွင် အခြားအမျိုးသမီးဆိုင်ရာ အခွင့်အရေးအနေဖြင့် မီးဖွားချိန်တွင် တစ်လတိတိ အခွင့်အရေးပေးထားပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်းကြပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်တော်တို့ ကျေးရွာသည် လူမျိုးပေါင်းစုံ နေထိုင်သော ကျေးရွာဖြစ်၍ ရှမ်းလူမျိုး၊ တအောင်းလူမျိုးများသည် ဝါဝင်ပွဲများ၊ ဝါကျွတ်ပွဲ များ၊ ထမနဲထိုးပွဲများ၊ သီတင်းကျွတ်ပွဲများကို ပြုလုပ်ပြီး ဝလူမျိုးများသည် ထိုနည်းနှင့်အတူ ပျော်ပွဲရွှင်ပွဲများပြုလုပ်ကြပါသည်။ကချင်လူမျိုးများ၊ လားဟူလူမျိုးများသည် နိုဝင်ဘာလတွင် ကောက်သစ်စားပွဲအခမ်းအနားကို ပြုလုပ်ကြောင်း တွေ့ရှိရသည်။ ကောက်သစ်စားပွဲကို လူမျိုးဘာသာမခွဲခြားဘဲ ကျေးရွာတွင်း ပျော်ရွှင်စွာပြုလုပ်ကြပါသည်။ ပွဲများ၊ စုံညီပွဲတော်၊ ဟောပြောပွဲများ ပြုလုပ်သောအခါ ဘက်စုံသုံးခန်းမ မရှိခြင်းကြောင့် အိမ်တိုင်းစေ့မိုးကာများ လိုက်လံဌားရမ်းခြင်း၊ ဝါးများခုတ်ယူရခြင်းစသည့် ပြဿနာများ တွေ့ရှိရသည်။ ထို့ကြောင့် ဘက်စုံသုံးခန်းမဆောင် အမှန်တကယ်လိုအပ်ခြင်းဖြစ်ပါသည်။ကျေးရွာတွင်းရှိ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာ များနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက် များမရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ကျေးရွာတွင် တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များရှိသော်လည်း

အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်းများ ရှိသော်လည်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများမရှိပါ။ ကျွန်တော်တို့ကျေးရွာတွင် ပြည်ပ နိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်သူများမရှိသဖြင့် **လူကုန်ကူးမှု မရှိပါ။ စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှု စသည့်ဖြစ်စဉ်များ အနည်းငယ်ရှိပါသည်။** အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း	၁	✔				
၂	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၂		✔			
၃	တံတားတည်ဆောက်ခြင်း	၂			✔	✔	
၄	မူကြိုကျောင်းတည်ဆောက်ခြင်း	၂			✔	✔	
၅	ကျောင်းအုတ်တံတိုင်းကာရံခြင်း	၃			✔		
၆	ရေကန်တည်ဆောက်ခြင်း	၃	✔	✔	✔	✔	✔
၇	ချေးငွေရရှိရန် ဆောင်ရွက်ခြင်း	၄	✔	✔	✔	✔	✔
၈	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း	၄	✔	✔	✔	✔	✔
၉	မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း	၄		✔	✔		
၁၀	အမျိုးသား/အမျိုးသမီးခေါင်းဆောင်မှု မြှင့်တင်ရေးသင်တန်း	၅			✔	✔	
၁၁	မူးယစ်ဆေးဝါးဆိုင်ရာ တိုက်ဖျက်ရေးဟောပြောပွဲ	၅				✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ
ကျေးရွာအုပ်စု	- လွယ်တောက်ကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်း(မြောက်)
စီမံချက်အမည် -	**ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာတွင် လူဦးရေတိုးလာ၍ အိမ်ခြံမြေနေရာများ ကျဉ်းမြောင်းလာခြင်း • မထွာပ်ဌားရမ်းခ စျေးကြီးခြင်း၊ ခက်ခဲခြင်း • ကျေးရွာဟောပြောပွဲပြုလုပ်ရန် အဆောက်အဦးမရှိခြင်း	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) • ကျေးရွာ မင်္ဂလာဆောင်ပွဲများ၊ ဌာနဆိုင်ရာမှကျင်းပပြုလုပ်သည့် ဟောပြောပွဲ၊ နည်းပညာပေး သင်တန်း များ ကျင်းပပြုလုပ်ရာတွင် နေရာထိုင်ခင်းအခက်အခဲရှိခြင်း • ဘုန်းကြီးကျောင်းများတွင် ကျင်းပပြုလုပ်ရခြင်း	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) • ကျေးရွာခန်းမရှိပါက သာရေး၊နာရေး၊ဘာသာရေးပွဲများ ပြုလုပ်နိုင်ရန် နေရာရှိလာမည် ဖြစ် သဖြင့် ဘုန်းကြီးကျောင်းအား အသုံးပြုရန် မလိုအပ်တော့ခြင်း • မထွာပ်ဌားရမ်းရန် မလိုအပ်တော့ခြင်း • ဟောပြောပွဲများ ပြုလုပ်နိုင်ရန် နေရာအဆင်ပြေခြင်း၊လူစုလူဝေးပြုလုပ်နိုင်ခြင်း	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း(၄၀'×၃၀'×၁၃')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀ (ငွေသား) • ၃၉၅၀၀၀၀ (ငွေသား) • ×××××××× (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၀၆	၁၂၇	၂၃၃	၆	၇	၁၉	၁၆	၄၈
အကျိုးခံစားမည့် ဦးရေ	၁၀၆	၁၂၇	၂၃၃	၆	၇	၁၉	၁၆	၄၈
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)

၂၀၄၄.၄.၁၂၀

(၃) စီမံချက် ပြီးစီးမည့်အချိန်

၆.၇.၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်

ကျေးရွာသူ/ သားများမှ အလှည့်ကျ လုပ်ငန်းပြီးမြောက်သည်အထိ လုပ်အားပေးကြပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ ရွာသူရွာသားများနှင့်တကွ ရေရှည် တည်တံ့ခိုင်မြဲ အောင် ပြုပြင်ထိန်းသိမ်းသွားပါမည်။

နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာ၊ လွယ်တောက်ကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးနော်ဂရောင်	ဦးလဘန်တူး	၁၃/လရန(နိုင်)၁၆၀၁၁၄	၅၂	ဥက္ကဋ္ဌ	၀၉-၇၃၀၃၅၀၂၆
၂	ဦးနော်လောန်	ဦးယောဆက်	၁၃/လရန(နိုင်)၀၈၁၀၃၀	၄၃	အတွင်းရေးမှူး	၀၉-၇၃၂၀၄၁၂၉
၃	ဦးသီဝလီ	ဦးသာရီဝမ်း	၁၃/နမတ(နိုင်)၀၂၈၆၀၈	၄၁	အဖွဲ့ဝင်	
၄	ဦးသိန်းအောင်	ဦးအိုက်လုံ	၁၃/လရန(နိုင်)၂၀၂၈၄၈	၃၈	အဖွဲ့ဝင်	
၅	ဦးမေရှ	ဦးရှီလှ	၁၃/လရန(နိုင်)၂၀၈၂၄၄	၂၁	ဘဏ္ဍာရေးမှူး	
၆	ဒေါ်အေးချွန်	ဦးအိုင်ဒါန်း	၁၃/လရန(နိုင်)၂၀၈၂၅၁	၂၄	စာရင်းကိုင်	
၇	ဒေါ်ထုလွမ်	ဦးမရန်ဘရန်	၁၃/သနန(နိုင်)၀၁၉၆၀၂	၅၀	အဖွဲ့ဝင်	၀၉-၈၉၆၅၃၃၀၁၂၆
၈	ဒေါ်အေးယွန်း	ဦးသိန်းအောင်	၁၃/လရန(နိုင်)၂၀၈၂၄၉	၂၇	အဖွဲ့ဝင်	၀၉-၇၃၀၃၁၅၈၁
၉	ဒေါ်နန်းချွေစင်	ဦးအိုက်လူ	လျှောက်ထားဆဲ	၂၁	အဖွဲ့ဝင်	၀၉-၂၆၈၁၀၁၉၇၂

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁		၁
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၂	၂	၁၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈	၂၂	၄၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈	၁၉	၂၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၅	၈၃	၁၄၈
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂	၁	၃
စုစုပေါင်း		၁၀၆	၁၂၇	၂၃၃
စုစုပေါင်း အိမ်ထောင်စု				၄၈

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ နို့စို့အရွယ်ကလေးများသည် တစ်လတစ်ကြိမ်ကာကွယ်ဆေးထိုးနှံ မှု များ ရှိပါသည်။ ကလေးများသည် ၆နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ အမျိုးသားများသည် စိုက်ပျိုးရာသီပြီးချိန်တွင် လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျွန်မတို့ ကျေးရွာတွင် မြို့ပေါ်သို့ တက်ရောက်ကာ တက္ကသိုလ်၊ ကောလိပ်တွင် ပညာသင်ယူနေသော ကလေး မရှိသလောက်ရှားပါးပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးများသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်းနှင့် ဈေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၈	၁၃၂		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု" **မြင့်** " ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်၍ အခြားလုပ်ငန်းလုပ်ကိုင်ရန် မရှိပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂါနီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် နေ့စားအလုပ်သမား ဌားရမ်းရာတွင် ကျားတစ်ဦး လျှင် အများဆုံး(၅၀၀၀)မှ (၄၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၄၀၀၀)မှ အနည်းဆုံး(၃၀၀၀)ထိ ပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)		
လယ်မြေ	၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၃၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၄၃	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မြေပြန့်ဒေသနည်းပါး၍ တောင်ကုန်းတောင်စောင်းများသောကြောင့် တောင်ယာလုပ်ငန်းကို မှီခိုလုပ်ကိုင်မှုများကြောင့် တွေ့ရှိရသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောတောင်များရှိ၍ ဆေးဖက်ဝင်အပင်များ၊ သဘာဝတိရစ္ဆာန်များ အနည်းအကျဉ်း တွေ့ရသည်။ ဆင်တုံးမန္တယ်၊ တောမိတ်တလင်၊ မလျော်ရွက်တို့ကို အနည်းအကျဉ်း တွေ့ရသည်။ တောဝက်၊ ချေ၊ တောကြွက်၊ ယုံ၊ ရှဉ့်နှင့် ငှက်မျိုးစုံတို့ကိုတွေ့ရသည်။ တောတောင် ကျဉ်းမြောင်း သောကြောင့် တိရစ္ဆာန်များ၊ ဆေးဖက်ဝင်အပင်များ အနည်းကျဉ်းသာ တွေ့ရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆	၇	၁၉	၁၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ပြောင်းချေစက်နှင့် စားနပ်ရိက္ခာဖူလုံသောသူများ ကို အဆင်ပြေသော အိမ်ထောင်စု သတ်မှတ်ပါသည်။ လယ်၊ ယာအနည်းငယ်နှင့်တစ်ထပ်တိုက်၊ ရိုးရိုး ဆိုင်ကယ်ပိုင်ဆိုင်ပြီး စားနပ်ရိက္ခာအနည်းငယ်ဖူလုံသော သူများကို အလယ်အလတ် သတ်မှတ်ပါ သည်။ ကိုယ်ပိုင် မရှိသော လယ်၊ ယာ တစ်နေ့လုပ်တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်း လုပ်သောသူကို မပြေလည်သော အိမ်ထောင်စု သတ်မှတ်ပါသည်။ မြေယာ၊ လယ်ယာမရှိ၊ ဝါးအိမ်နှင့်နေ မုဆိုးမ၊ တစ်ခုလပ်အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီး များရှိခြင်း၊ တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ၊ တစ်ယောက်တည်းရှာစားသူများကို အလွန်မပြေလည်သည်ဟု ယူဆသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား‌စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံရန် အစာလျော့စားခြင်းကို အနည်းငယ်တွေ့ရသည်။ အထောက်အပံ့ရယူမှု လုံးဝမရှိကြောင်း တွေ့ရသည်။ လုပ်အားခကြိုယူခြင်းနှင့် ချေးငွေရယူမှုတို့ဖြင့် ဝမ်းစာပြဿနာကို ဖြေရှင်းရကြောင်း တွေ့ရှိရသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မုဆိုးမများသည် မိမိအိမ်ထောင်အတွင်း စားဝတ်နေရေးကို ပင်ပန်းကြီးစွာ ရုန်းကန်ရှာဖွေ စားသောက်နေကြောင်း တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၆	မုန်တိုင်း	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၇	ငလျင်	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၈	မီးဘေး	မြင့် ☐လတ် ☐နိမ့် ☑မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐လတ် ☐နိမ့် ☑မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐လတ် ☐နိမ့် ☑မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐လတ် ☐နိမ့် ☑မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် □လတ် □နိမ့်☑မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အချို့အိမ်ထောင်စုများမှာ စားနပ်ရိက္ခာ ဖူလုံမှုမရှိပါ။ သဘာဝအရင်းအမြစ်ရှားပါးမှု မရှိပါ။ တိရစ္ဆာန်ကူးစက်ကျရောက်မှု အနည်းငယ် ရှိပါသည်။ သစ်တောပြုန်းတီးခြင်းများ ရှိပါသည်။ သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင် များ စိုက်ပျိုးခြင်း မရှိပါ။ ဥပမာအားဖြင့် ကာကွယ်ထိန်းသိမ်းမှု၊ ပညာပေးမှု အားနည်းကြောင်း တွေ့ရှိ ရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် ☑နိမ့်□မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် ☑နိမ့်□မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □လတ် ☑နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် ☑နိမ့်□မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် ☑နိမ့်□မရှိ □
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် □လတ် ☑နိမ့်□မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်□မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မူးယစ်ဆေးဝါးသုံးစွဲနေသော လူငယ်များ အနည်းအကျဉ်း တွေ့ရသည်။ တောင်ယာလုပ်ငန်း တစ်ခုထဲကိုသာ ဦးတည်လုပ်ကိုင်သောကြောင့် ဆင်းရဲသော တောင်သူ များရခြင်း ဖြစ်သည်။ နွေရာသီတွင် ကျပန်းလုပ်ငန်းကို အနည်းအကျဉ်း လုပ်ကိုင်ကြပါသည်။ ကချင်လူမျိုးများသည် လူနည်းစုလူမျိုးများ ဖြစ်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐ ၂☑ ၃☐	၄	၃	၇	ပညာရေး☑ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☑ ၃☐	၈	၀	၈	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ပညာရေးအဖွဲ့	၁☐ ၂☑ ၃☐	၅	၃	၈	ပညာရေး☑ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ပြည်သူ့စစ် အဖွဲ့	၁☐ ၂☑ ၃☐	၁၀		၁၀	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ဘာသာရေး အဖွဲ့	၁☐ ၂☑ ၃☐	၅	၂	၇	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	မိခင်နှင့်ကလေး အမျိုးသမီးရေးရာအဖွဲ့	၁☐ ၂☑ ၃☐		၇	၇	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပညာရေး၊ ပြည်သူ့စစ်၊ ဘာသာရေး၊ မိခင်နှင့်ကလေးအမျိုးသမီးရေးရာအဖွဲ့တို့ဖြစ်ပါသည်။ ကျေးလက်တောရွာဖြစ်သောကြောင့် လူပ်ရှားသွားလာနိုင်သော အမျိုးသားများကို အဓိကအဖွဲ့ဝင်နေရာပေးရကြောင်း တွေ့ရှိရသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	KAI	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ဒွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☑သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ဗွီးရှင်းဖန်း	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ဒွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ နမ့်လင်းလုံ(ကုန်းပေါင်း)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော KAI အဖွဲ့နှင့် ဗွီးရှင်းဖန်းအဖွဲ့တို့သည် စိုက်ပျိုးမွေးမြူရေးဆိုင်ရာအသိပညာပေး သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ချေးငွေများကိုချေးပေးပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၅	တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၇	တောင်သူလတ်
